
# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇)လျှောက်ထားမှု လုပ်ငန်းစဉ်အဆင့်ဆင့်



❖ **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) လျှောက်ထားမှု လုပ်ငန်းစဉ် အဆင့်ဆင့် လုပ်ဆောင်ပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

(၁) ကာယကံရှင်သည် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ (ပုံစံ-၁) ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင်အခမဲ့ရယူ၍ ရပ်ကွက်/ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားရမည်၊

(၂) ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်ဦးစီးဌာနရုံးသို့ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာကို စိစစ်ထောက်ခံချက်ဖြင့် ပေးပို့ရမည်၊

(၃) မြို့နယ်ဦးစီးဌာနရုံးသည် ပြည့်စုံမှုမရှိသည့် လျှောက်လွှာများကို ရပ်ကွက် / ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ပြန်လည်ပေးအပ်၍ ပြည့်စုံအောင် ဆောင်ရွက်စေရမည်။ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ မှတ်ပုံတင်စာရင်း (ပုံစံ-၃)တွင် စနစ်တကျ မှတ်တမ်းရေးသွင်းခြင်း၊ လယ်ယာမြေ လုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲဖွင့်လှစ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားမှုအပေါ် ကန့်ကွက်နိုင်ကြောင်း ကန့်ကွက်လွှာခေါ်ယူခြင်းတို့ကို ဆောင်ရွက်ရမည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာရရှိလျှင်ကန့်ကွက်ချက် နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေး တင်ပြစေရန် ရပ်ကွက် / ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အကြောင်း ကြားရမည်။

(၄) ရပ်ကွက်/ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ကန့်ကွက်ချက်အပေါ် စုံစမ်းစစ်ဆေး တွေ့ရှိချက်ကို မြို့နယ်ဦးစီးဌာနရုံးသို့ ပြန်လည်တင်ပြရမည်။

(၅) မြို့နယ်ဦးစီးဌာနရုံးသည် ကန့်ကွက်ချက်အပေါ် ရပ်ကွက်/ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်အား ကျိုးကြောင်းဆီလျော်မှုရှိ၊ မရှိ စိစစ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုသင့်သူ / ငြင်းပယ် သူတို့ကို သဘောထား မှတ်ချက်နှင့်အတူ လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲအား မြို့နယ် လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၆) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲ ကို ပုံစံ(၄)ပါအတိုင်းစိစစ်၍သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သို့ တင်ပြရမည်။

(၇) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲကို ထပ်ဆင့်စိစစ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်းဆုံးဖြတ်ပြီး မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ အကြောင်း ကြားရမည်။

❖ **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) လျှောက်ထားမှု လုပ်ငန်းစဉ် အဆင့်ဆင့် လုပ်ဆောင်ပုံအဆက်-၂**

(၈) မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကို ဦးပိုင်လုပ်ကွက် (၁)ခု အတွက် မှတ်ပုံတင်ကြေး (၅၀၀)ကျပ်ကို မြို့နယ်မြန်မာ့စီးပွားရေး ဘဏ်ခွဲသို့ ပေးသွင်းစေ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း ပုံစံ(၅)တွင် မှတ်တမ်းတင်ပြီး လုပ်ငန်းစာတွဲအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြ ဆောင်ရွက်ရမည်။ လယ်ယာမြေလုပ်ပိုင်ခွင့် ငြင်းပယ်ခံရသူကို လယ်ယာမြေ လုပ်ပိုင်ခွင့် ငြင်းပယ်ခံရသူများ မှတ်ပုံတင်စာရင်း ပုံစံ(၆)တွင် မှတ်တမ်းတင်ပြီး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။

(၉) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကို လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ထုတ်ပေးရန်ငြင်းပယ် ခံရသူကိုငြင်းပယ်ကြောင်း ပုံစံ(၈)ဖြင့် အကြောင်း ကြားရမည်။

- အောက်ပါအချက်တစ်ရပ်ရပ်တွင် အကျုံးဝင်သည့် အသက် ၁၈ နှစ်ပြည့်ပြီးသော နိုင်ငံသားသည် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ(ပုံစံ ၁)ကို ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ရုံးတွင်အခမဲ့ရယူ၍ ပြည့်စုံစွာဖြည့်စွက်လျှောက်ထားရမည်-

  (နည်းဥပဒေအပိုဒ်-၃)

  (၁) တောင်သူလယ်သမားအိမ်ထောင်စု သို့မဟုတ် အိမ်ထောင်သားစုဝင်ဖြစ်ခြင်း၊

  (၂) အိမ်ထောင်သားစုအကြီးအကဲ သို့မဟုတ် အိမ်ထောင်သားစုတွင်ပါဝင်သူ တစ်ဦး သို့မဟုတ် အုပ်ထိန်းသူဖြစ်ခြင်း၊

  (၃) ပူးတွဲလက်ရှိအသုံးပြုခွင့်ရရှိထားပါက ယင်းအကျိုးတူခံစားခွင့်ရှိသော တောင်သူလယ်သမားအိမ်ထောင်သားစုဖြစ်ခြင်း၊

  (၄) ဥပဒေအာဏာမတည်မီ တရားဝင်လက်ရှိလက်ငုတ်လုပ်ကိုင်နေသူဖြစ်ခြင်း၊

  (၅) ဥပဒေပြဋ္ဌာန်းပြီးနောက် တရားဝင်အကျိုးခံစားခွင့်ရှိသူဖြစ်ခြင်း၊

  (၆) လျှောက်ထားသည့် လယ်ယာမြေတွင် အမှန်တကယ် လုပ်ကိုင်နေသူဖြစ် ကြောင်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် လယ်နီးချင်း သက်သေနှစ်ဦး တို့က ထောက်ခံသူဖြစ်ခြင်း၊

  (၇) ဦးစီးဌာန၏မှတ်တမ်းများအရ အတည်ပြုခံရသူဖြစ်ခြင်း၊

  (၈) အထောက်အထားတင်ပြနိုင်သူဖြစ်ခြင်း၊

- လယ်ယာမြေလုပ်ပိုင်ခွင့်စစ်ဆေးချက် (ပုံစံ ၄)တွင် ဖြည့်စွက်ခြင်း။ (ကြေညာ ထားသည့်ရက်ပေါင်း ၃၀ ကာလအတွင်း) (နည်းဥပဒေအပိုဒ်-၇(ခ))

  (၁) လျှောက်ထားသူသည် အသက် ၁၈ နှစ် ပြည့်ပြီးသူ ဟုတ် မဟုတ်၊

❖ **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) လျှောက်ထားမှု လုပ်ငန်းစဉ် အဆင့်ဆင့် လုပ်ဆောင်ပုံ-အဆက်၃**

(၂) လျှောက်ထားသူသည် နိုင်ငံသား ဟုတ် မဟုတ်၊

(၃) လယ်ယာမြေဥပဒေပုဒ်မ ၆ ပါ အချက်များနှင့် ညီညွတ်ခြင်းရှိ မရှိ၊

(၄) လယ်ယာမြေဥပဒေ အာဏာမတည်မီ လယ်ယာမြေနှင့် သက်ဆိုင်သော တည်ဆဲဥပဒေနှင့်အညီ တရားဝင် လက်ရှိလက်ငုတ်လုပ်ကိုင်နေသူဖြစ်ပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက် ပါ မပါ၊

(၅) လျှောက်လွှာတွင် ဖော်ပြထားသော ကွင်းအမှတ်၊ ဦးပိုင်အမှတ်၊ ဧရိယာနှင့် မြေအမျိုးအစားတို့သည် မြို့နယ်ဦးစီးဌာနရုံး၏ စာရင်းမြေပုံနှင့်ကိုက်ညီမှု ရှိ မရှိ၊

(၆) ဦးပိုင်အမှတ်နှင့် ဧရိယာတို့ ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရလျှင် မြေပြင်တွင် အမှန်တည်ရှိသည့်အချက်များကို လျှောက်ထားသူ၊ နယ်နိမိတ် ဆက်စပ်နေသည့် တောင်သူလယ်သမားများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့နှင့်အတူ ကွင်းဆင်းစစ်ဆေးတိုင်းတာ၍ အတည်ပြုခြင်း၊

- လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း(ဥပဒေပုဒ်မ ၆)

၁။ လူပုဂ္ဂိုလ်ဖြစ်ပါက-

(က) တောင်သူလယ်သမားအိမ်ထောင်စု သို့မဟုတ် အိမ်ထောင်သားစုဝင် အိမ်ထောင်သားစုအကြီးအကဲ သို့မဟုတ် အိမ်ထောင်သားစုတွင် ပါဝင်သူ တစ်ဦး သို့မဟုတ် အုပ်ထိန်းသူသည် ဥပဒေအာဏာ မတည်မီ တရားဝင် လက်ရှိလက်ငုတ် လုပ်ကိုင်နေသူ၊

(ခ) ဥပဒေပြဋ္ဌာန်းပြီးနောက် တရားဝင်အကျိုးခံစားခွင့်ရှိသူ၊

(ဂ) အသက် ၁၈ နှစ်ပြည့်ပြီးသူ၊

(ဃ) နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ၊

၂။ အဖွဲ့အစည်းဖြစ်ပါက-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့၊

❖ **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) လျှောက်ထားမှု လုပ်ငန်းစဉ် အဆင့်ဆင့် လုပ်ဆောင်ပုံ-အဆက် ၄**

- တစ်ဦးထက်ပိုသူတို့က လျှောက်ထားလာပါက မြို့နယ်ဦးစီးဌာနရုံးသည်-

(နည်းဥပဒေအပိုဒ်-၈)

(က) လယ်ယာမြေလုပ်ပိုင်ခွင့် လုပ်ငန်းစာတွဲဖွင့်လှစ်ခြင်း၊

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာမှတ်ပုံတင်စာရင်း (ပုံစံ ၃) တွင်ရေးသွင်းခြင်း၊

(ဂ) လျှောက်လွှာလက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း (ပုံစံ ၂)ဖြင့် ကြေညာခြင်း၊

(ဃ) ကြော်ငြာစာကို မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် ကပ်ထားရ မည်၊

(င) အထောက်အထားခိုင်လုံမှု ရှိ မရှိ၊

(စ) လက်ငုတ်ပြတ်တောက်ခဲ့ပါက လုံလောက်သောအကြောင်းပြချက် ရှိ မရှိ၊

(ဆ) တောင်သူလယ်သမားတစ်ဦးချင်းစီ၏ လုပ်ခွင့်ရစာရင်းတွင်ပါဝင်ခြင်း ရှိ မရှိ၊

(ဇ) မမှန်မကန် လိမ်လည်လျှောက်ထားခြင်း ရှိ မရှိ၊